ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

**လူထုဗဟိုပြုစီမံကိန်း**(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

**ကြံခင်းမြို့နယ်**

၂၀၁၈ ခုနှစ် ဆုံလဲအုပ်စု၊ ရွာသစ်ကုန်းကျေးရွာ

## မာတိကာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါ ဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA toolsများနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ရောဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရုန်းချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ရ ခိုင် ပြည် နယ်
ကြံခင်းသစ်တောကြိုးဝိုင်း
ဧ ရာ ဝ တီ မြစ်
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန် အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကျေးရွာမြေပုံ(တည်နေရာ)




သပြေလှကျေးရွာပြမြေပုံ

**၃။ အုပ်စုတွင် ပါဝင်သော ကျေးရွာများ စာရင်း**

ဆုံလဲကျေးရွာအုပ်စုတွင်

၁။ မြေခြားကျေးရွာ

၂။ ကျောက်စရစ်ကုန်းကျေးရွာ

၃။ ကျွန်းကြီးကျေးရွာ

၄။ သစ်ဆိမ့်ကုန်းကျေးရွာ

၅။ အိုးဘိုကုန်းကျေးရွာ

၆။ ပေါက်တိုင်းကျေးရွာ

၇။ ခုနစ်တာကျေးရွာ

၈။ ဆီဆုံကုန်းကျေးရွာ

၉။ ရှမ်းစုကျေးရွာ

၁၀။ ဓမ္မီကျေးရွာ

၁၁။ ဆုံလဲကျေးရွာ

၁၂။ သဲဖြူကျေးရွာ

၁၃။ သပြေလှကျေးရွာ

၁၄။ မြောင်(အုန်းကုန်း)ကျေးရွာ

**၁၅။ ရွာသစ်ကုန်းကျေးရွာ**

၁၆။ ကျောင်းကုန်းကျေးရွာ

၁၇။ သပြေကုန်းကျေးရွာ

၁၈။ အောင်သပြေကျေးရွာ

၁၉။ ဆိပ်သာကျေးရွာ တို့ပါဝင်ပါသည်။

## ၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ဆုံလဲအုပ်စုတွင် ကျေးရွာပေါင်း ၁၉ရွာရှိသည့်အနက်မှ ရွာသစ်ကုန်းကျေးရွာသည် တစ်ရွာအပါအဝင်ဖြစ်ပါသည်။ ရွာသစ်ကုန်းကျေးသည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိပါသည်။

စီးပွားရေးအနေဖြင့် လယ်ယာ၊ ကိုင်းစသော စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။ ရေလုပ်ငန်းများကို လုပ်ကိုင်ကြသူများလည်းရှိပါသည်။ ကျေးရွာတွင် လက်လုပ်လက်စားများလည်းရှိကြပါသည်။ ကျန်းမာရေးအတွက် ဆိပ်သာတိုက်နယ်ဆေးရုံကိုသာ အားကိုနေကြရပါသည်။

ပညာရေးအနေဖြင့် ဆိပ်သာကျေးရွာရှိ အထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြားရပါသောကြောင့် အခက်အခဲမတွေ့ရပေ။ ရေသုံးစွဲမှုအနေဖြင့် လူထုဗဟိုပြုစီမံကိန်းမှ ပထမနှစ်စက်ဝန်းတွင် ရေရှိရေးကိုဆောင်ရွက်အောင်မြင်ခဲ့သောကြောင့် ကျေးရွာလူထုအားလုံးအဆင်ပြေစွာသုံးစွဲနိုင်ကြပါသည်။

ကျေးရွာတွင်းတွင် အခြေခံအဆောက်အဦးများနည်းပါသောကြောင့် ကျေးရွာလူထုများမှ စုပေါင်းလုပ်ကိုင်ထားသော ကျေးရွာဓမ္မာရုံကိုသာ အဓိကထားအသုံးပြုနေကြပါသည်။ ကျေးရွာတွင် မြန်မာလူမျိုးများသာနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ယုံကြည်ကြပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ<br>ကျား | <br>မ | <br>ပေါင်း | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | ၁၉.၆.၂၀၁၃ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | ၃၃ | ၄၀ | ၇၃ | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၁၉.၆.၂၀၁၃ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၃၃ | ၄၀ | ၇၃ | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၁၉.၆.၂၀၁၃ | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | ၃၃ | ၄၀ | ၇၃ | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ေ ရး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ (Venn Diagram) | ၁၉.၆.၂၀၁၃ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | ၃၃ | ၄၀ | ၇၃ | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | ၁၉.၆.၂၀၁၃ | ကျေးရွာရှိအမျိုးသားနှင့် အမျိုးသမီးများ | ၃၃ | ၄၀ | ၇၃ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | ၁၉.၆.၂၀၁၃ | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၃၃ | ၄၀ | ၇၃ | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း ။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | ၁၉.၆.၂၀၁၃ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၃၃ | ၄၀ | ၇၃ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်မျာ း (Village Vision) | ၁၉.၆.၂၀၁၃ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၃၃ | ၄၀ | ၇၃ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | ၁၃.၁၂.၂၀၁၇ | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | ၃၃ | ၄၁ | ၇၃ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-<br>လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(က)လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ**



လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ

**<u>လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ(ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း)</u>**


ကျေးရွာတွင်းရှိသည့် အရင်းအမြစ်များမှာ ဓမ္မာရုံ၊ လမ်း၊ စေတီ၊ ဘုန်းတော်ကြီးကျောင်း၊ ရေတုံကင်၊ ရေတွင်းများ၊ လျှပ်စစ်မီးတိုင်း၊ လှည်းလမ်းစသည်တို့ရှိပါသည်။ ကျေးရွာ၏ ကျန်းမာရေးအတွက် ဆိပ်သာကျေးရွာတိုက်နယ်ဆေးရုံကိုသာ အသုံးပြုကြရပါသည်။

ပညာရေးအနေဖြင့် ဆိပ်သာကျေးရွာရှိ အထက်တန်းကျောင်းကိုသွားရောက်ပညာသင်ကြားရပါသည်။ စီးပွားရေးအနေဖြင့် လယ်ယာလုပ်ငန်း၊ ကျပန်းလုပ်ငန်းတို့ကိုသာလုပ်ကိုင်ကြပြီး လက်လုပ်လက်စားများပြားပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးရရှိသောကြောင့် ကျေးရွာမီးလင်းရေးအတွက်ကောင်းမွန်သောကျေးရွာဖြစ်ပါသည်

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ် ချက်များ**

**(ခ)ရာသီခွင်ပြ ပြက္ခဒိန်**



ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီခွင်ပြ ပြက္ခဒိန်( ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

ကျေးရွာတွင် လယ် နှင့်ကိုင်းလုပ်ကိုင်ကြသော အိမ်ခြေများလည်းရှိပြီး အိမ်ခြေအများစုမှာ ကျပန်းလုပ်သားများလည်းဖြစ်သည်။ နယုန်၊ ဝါဆို၊ ဝါခေါင်လများတွင် မိုးသည်းထန်းစွာရွာ၍ လယ်ယာလုပ် ငန်းများကို လုပ်ကိုင်ပြီး အသက်မွေးဝမ်းကြောင်းပြုရသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများတွင် ချမ်းအေးပြီးနှင်းကျသောကာလများဖြစ်ပါသည်။

တန်ခူး၊ ကဆုန်လများတွင်ကြုံရာကြပန်းအလုပ်များ၊ သက်ကယ်ပျစ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြရပါသည်။ နယုန်လတွင် တောင်ယာစိုက်ပျိုးသောကြောင့် ဝင်ငွေချောင်လည်သောကာလများဖြစ်ပါသည်။ ဝါဆို၊ ဝါခေါင်လများတွင် လယ်ယာလုပ်ငန်းများလုပ်ကိုင်ကြရပြီး အမျိုးသားနှင့် အမျိုးသမီးများ တန်းတူလုပ်အားခရရှိသော အချိန်များဖြစ်ပါသည်။ ပြာသိုလတွင် လယ်ရိတ်သောကာလ၊ တပို့တွဲ၊ တပေါင်းလများတွင် ကိုင်းသိမ်းသောကြောင့် ဝင်ငွေအတန်အသင့်ပြေလည်သောလများဖြစ်ပါသည်။

တန်းခူလတွင် သင်္ကြန်ပွဲတော်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ ဝါဆိုလများတွင် ဝါဆိုသင်္ကန်းကပ်လှူကြ၍ သီတင်းကျွတ်လတွင်တော့ မီးထွန်းပွဲတော်၊ တန်ဆောင်မုန်းလတွင် တရားပွဲ၊ ကထိန်ပွဲများ၊ ပြာသိုလတွင် ဘုရားပွဲတော်၊ တပို့တွဲလတွင် ထမင်းနဲပွဲတော်များ ပြုလုပ်ကြပြီး စည်ကားသိုက်မြိုက်စွာကျင်းပကြလေ့ရှိပါသည်။


တန်ခူးလ၊ ကဆုန်လများတွင် အပူနာများဖြစ်သောလည်ချောင်းနာ၊ မျက်စိနာတို့ဖြစ်တတ်ပြီး ဝါဆို၊ ဝါခေါင်၊ နတ်တော်လများတွင် တုတ်ကွေး၊ ဖျားနာခြင်းများဖြစ်တတ်ပါသည်။

ဒေသထွက်အစားအစာများအဖြစ် ကဆုန်၊ တော်သလင်းလများတွင် ပဲအမျိုးမျိုးထွက်ရှိပြီး သီတင်းကျွတ်လတွင် ဘူးသီး၊ နတ်တော်လတွင် ပြောင်းဖူး၊ ပဲအမျိုးမျိုးစသည်တို့ထွက်ရှိပါသည်။

ဝါဆို၊ ဝါခေါင်လများတွင် ချောင်းရေလျှံသောကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လေ့ရှိပါသည်။ ကျေးရွာအားလပ်ချိန်များအနေဖြင့် တန်ခူး၊ ကဆုန်လများသည် အလုပ်အကိုင်ရှားပါးသောလများ ဖြစ်သောကြောင့် အားလပ်သောအချိန်များဖြစ်ပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ် ချက်များ**

**(ဂ) ဉစ္စာဓနေ အဆင့်သတ်မှတ်ခြင်း**




ဉစ္စာ ဓနေအဆင့် သတ်မှတ်ခြင်း


**ဉစ္စာဓနေ အဆင့်သတ်မှတ်ခြင်း(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

ကျေးရွာလူထုမှ ၎င်းတို့၏ကျေးရွာအခြေအနေနှင့် ကိုက်ညီသောလူနေမှု အဆင့်များကိုသတ်မှတ်ရာတွင် အဆင့်(က)အတွက် သွပ်မိုးတိုက်ခံအိမ်၊ လယ်၊ ဆိုင်ကယ်၊ ကိုင်း၊ နွား၊ မော်တော်စသည်ဖြင့်သတ်မှတ်ပြီး၊ အဆင့်(ခ)အတွက် သွပ်မိုးသစ်သားအိမ်၊ ဆိုင်ကယ်၊ လယ်၊ ကိုင်း၊ နွား၊ ငါးဖမ်းစက်လှေ၊ ငါးဖမ်းပိုက်စသည်ဖြင့်သတ်မှတ်ကြပြီး၊ အဆင့်(ဂ) သစ်သားအိမ်၊ ဝါးအိမ်၊ သက်ကယ်မိုး၊ ဝါးကြမ်း၊ ထရံကာ၊ လက်လုပ်လက်စား၊ ဈေးရောင်းတို့ကို သတ်မှတ်ကြပါသည်။

ကျေးရွာတွင် အဆင့်(က) ၂၃အိမ်ထောင်စု၊ အဆင့်(ခ) ၂၈အိမ်ထောင်စု၊ အဆင့်(ဂ) ၆၀အိမ်၊ ထောင်စု ရှိနေပြီး အဆင့်ကွဲပြားမှုများကိုကြည့်ခြင်းအားဖြင့် ကျေးရွာ၏ စီးပွားရေးအခြေအနေများကိုသိရှိ နိုင်ပါသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း**



ပင့်ကူအိမ်သုံးသပ်ခြင်း ပြပုံ

ပင့်ကူအိမ်(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)

အုပ်ချုပ်မှု အပိုင်းတွင် အမျိုးသားများက အမျိုးသမီးများထက် ပါဝင်မှုပိုများပြီး ၁၀၀%နှင့် ၅၀% ဖြစ်နေသည်ကိုတွေ့ရပါသည်။ အုပ်ချုပ်ရေးကိစ္စများကို အမျိုးသားများက အမျိုးသမီးများထက် ပိုမို ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။

အိမ်တွင်းမှု တွင် အမျိုးသမီးများက အမျိုးသမီးများထက် သိသာစွာပိုမိုလုပ်ဆောင်နိုင်သည်ကို တွေ့ရှိခဲ့ရပါသည်။

ယုံကြည်မှု/လုံခြုံမှုတွင် အမျိုးသားများက အမျိုးသမီးများထက် သိသာစွာကွာခြားနေသည်ကို တွေ့ ရပါသည်။

အလုပ်အကိုင် ကိစ္စများတွင်လည်း အမျိုးသားများနှင့် အမျိုးသမီးများမှ အနည်းငယ်သာကွာ ခြားမှုရှိသည်ကို တွေ့ရှိခဲ့ရပါသည်။

အဖွဲ့အစည်းပူးပေါင်းပါဝင်မှုတွင် ကျေးရွာ၏ သာရေးနာရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စများ တွင် အမျိုးသားများနှင့် အမျိုးသမီးများ ပူးပေါင်းဆောင်ရွက်ကြသည်ကို တွေ့ရပါသည်။



ပစ္စည်းဥစ္စာစုဆောင်းမှုတွင် အမျိုးသားများထက် အမျိုးသမီးများက ငွေကြေးစီမံခန့်ခွဲရာတွင် ပိုမိုအားကောင်းသည်ကိုတွေ့ရပါသည်။

ပညာရေးလက်လှမ်းမီမှုတွင် အမျိုးသမီးများက အမျိုးသားများထက် သိသာစွာပိုမိုအခွင့်အရေး ရှိနေသည်ကို တွေ့ရှိရပါသည်။

ဝင်ငွေ ရှာဖွေနိုင်မှုတွင် အမျိုးသားများက အလုပ်အကိုင်ပေါများခြင်းကြောင့် ပိုမိုသာလွန်နေ သည်ကိုတွေ့ရပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု

အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှုပြပုံ


**အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

အရင်းအမြစ်များပေါ်အသုံးပြုနိုင်မှုတွင် သိသာစွာကွဲပြားမှုမရှိပဲ အမျိုးသားများနှင့် အမျိုးသမီးများတူညီစွာအသုံးပြုကြသည်ဟုတွေ့ရပြီး လယ်ယာ၊ ကိုင်း၊ လှေ၊ မြစ်၊ ပိုက်၊ လမ်း၊ ဆိုင်ကယ်၊ လှည်း/နွား၊ တံကင်၊ အိမ် စသည်တို့ကိုဖော်ထုတ်တွေ့ရှိရပါသည်။

အရင်းအမြစ်များအပေါ်ပိုင်ဆိုင်ထိန်းချုပ်မှုတွင် အမျိုးသားများက လယ်ယာ၊ လှေ၊ လှည်း/နွား၊ တံကင် များ၊ အမျိုးသမီးများနှင့် အမျိုးသားများတန်းတူအဖြစ် လမ်း၊ မြစ်၊ ဆိုင်ကယ်၊ အိမ် စသည်တို့ကိုဖော်ထုတ်တွေ့ရှိရပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(စ) အဖွဲ့အစည်းချိတ်ဆက်ပြပုံ



အဖွဲ့အစည်းချိတ်ဆက်ပြပုံ


<u>**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**</u>

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ လူငယ်အဖွဲ့၊ အရံမီးသတ်တပ်ဖွဲ့၊ ဂေါပကအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့စသည်တို့ရှိပါသည်။

ကျေးရွာတွင်းလူငယ်အဖွဲ့၏ ဦးဆောင်မှုမှာ ကြီးမားပြီးငင်းအဖွဲ့တွင် အမျိုးသား၊ အမျိုးသမီး၊ လူကြီး၊ လူငယ်များစည်းရုံးစွာပါဝင်၍ ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေးလုပ်ငန်းများကိုဦးဆောင်နေသည်ကိုတွေ့ရပါသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ကြသည်။ အရံမီးသတ်အဖွဲ့သည်လည်းကျေးရွာ အုပ်ချုပ်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်း တွေ့ရပါသည်။ လူထုဗဟိုပြုစီမံကိန်းကော်မတီသည် ကျေးရွာတွင်းရှိသောအဖွဲ့တိုင်းနှင့် ချိတ်ဆက်ပြီးဆောင်ရွက်ကြပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ) ကျေးရွာ၏ အခက်အခဲများနှင့် ပြဿနာများ



အခက်အခဲပြဿနာများ


**အခက်အခဲပြဿနာများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

ကျေးရွာ၏ အဓိကအခက်အခဲများကို အမျိုးသား၊ အမျိုးသမီးများမှ စုပေါင်းဖော်ထုတ်ကြရာတွင် အမျိုးသားများဘက်မှ ငွေကြေးအခက်အခဲ၊ လမ်းအခက်အခဲ၊ အသိပညာအားနည်းခြင်း၊ ပညာတတ်နည်းပါးခြင်း၊ စုပေါင်းလုပ်ကိုင်မှုအားနည်းခြင်းများကို စုပေါင်းထုတ်ဖော်ခဲ့ကြပါသည်။

အမျိုးသမီးများမှ မြေနေရာအခက်အခဲ၊ နည်းပညာအားနည်းခြင်း၊ အတတ်ပညာရှင်နည်းပါးခြင်း၊ ကျန်းမာရေးအားနည်းခြင်းများကို ဖော်ထုတ်တွေ့ရှိရပါသည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (၁) ကျေးရွာ၏ မျှော်မှန်းချက်များ





မျှော်မှန်းချက်များ ပြပုံ

**ကျေးရွာမျှော်မှန်းချက်များ(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

ကျေးရွာမျှော်မှန်းချက်အတွက် အမျိုးသားများမှ ကတ္တရာလမ်း၊ စာကြည့်တိုက်၊ မူလတန်းကျောင်း၊ မိုးလုံလေလုံအားကစားကွင်း၊ မီးသတ်ရေကန်၊ တံတားကောင်းကောင်းလိုချင်တယ်ဟု ဆွေးနွေးကြပြီး အမျိုးသမီးများဘက်မှ လျှပ်စစ်မီးလင်းချင်တယ်၊ ဆေးပေးခန်း၊ အိမ်ခြံမြေ၊ ဘိုးဘွားရိပ်သာ၊ ခ္ဓမ္မီကျေးရွာနှင့် ဆက်သွယ်သော တံတားများကို မျှော်မှန်းခဲ့ကြပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(ဈ)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ**



ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပြပုံ

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

အမျိုးသားများဘက်မှ မီးသတ်ရေကန်၊ စာကြည့်တိုက်၊ ရွာပြင်လမ်းချောင်းကျောက်ခင်းခြင်း၊ ရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း

အမျိုးသမီးများဘက် ဆေးပေးခန်း၊ တံတား၊ ရွာပြင်လမ်းချောင်းကျောက်ခင်းခြင်း၊ ကွန်ကရစ်မီးတိုင်/ကြိုး များကိုတင်ပြဆွေးနွေးကြပါသည်။

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| | | | | | |
|---|---|---|---|---|---|
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးမြင့်ဇော် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် ဦးညီညီထွေး | |
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | | ကျေးရွာအုပ်စု ဆိုလဲ | ကျေးရွာ ရွာသစ်ကုန်း | |

က၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၁၀ | ဘာသာ (၁) ဗုဒ္ဓ | ၁၁၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | - | - | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား - ၇၊ မ - ၉ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၂၀၆ | ၂၁၃ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၁၀၁ | ၉ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| တသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက်<br>ဆွမ်းကျောင်း | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ______ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၀.၂၅/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်- ၅ မိနစ် ----- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် - ၅ မိနစ် ------------ ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ -- ရေကြီး ရေလျှံ ----------

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --------------------------------

(၂) --------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးမြင့်ဇော်
လက်မှတ် — နေ့စွဲ ၁၉.၉.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် ဦးညီညီလွင်
လက်မှတ် — နေ့စွဲ ၁၉.၉.၂၀၁၇

လူထုဦးဆောင်ပြီး ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးညီညီထွန်း | | | |
| နေ့စွဲ ၁၉.၉.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ရှေ့ပေါ်ကြီး | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ခုံလဲ | ကျေးရွာ ရွာသစ်ကြီး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၉.၉.၁၇ | ၁၉.၉.၁၇ | ၁၉ | ၃၆ | ၅၅ | ၅၅ \| ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၉.၉.၁၇ | ၁၉.၉.၁၇ | ၁၉ | ၃၆ | ၅၅ | ၅၅ \| ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၈.၁၀.၁၇ | ၁၈.၁၀.၁၇ | ၂၆ | ၂၇ | ၅၃ | ၅၃ \| ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးညို[illegible]ထွန်း | | | |
| နေ့စွဲ ၃၁ - ၁၁ - ၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု [illegible] | ကျေးရွာ ရွာသစ်ကုန်း |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ငွေကြေး | ၁ | မြေဩဇာ အခက်အခဲ |
| ၂ | လမ်းပန်းဆက်သွယ်ရေး | ၂ | နည်းပညာ |
| ၃ | ကျန်းမာရေး အားနည်း | ၃ | စာတတ်ပညာရှင် |
| ၄ | ပညာတတ် နည်းပါး | ၄ | ကျန်းမာရေး |
| ၅ | စုပေါင်းလုပ်ကိုင်မှု အားနည်း | ၅ | |
| ၆ | | ၆ | |
| ၇ | | ၇ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကွန်ကရစ်လမ်း ရှိချင်တယ် | ၁ | လျှပ်စစ် မီး လင်းရန် |
| ၂ | စာကြည့်တိုက် | ၂ | ဈေးလေး ရှိ |
| ၃ | မူလတန်း ကျောင်း | ၃ | အိမ်ခြံမြေ |
| ၄ | မိုးလုံလေလုံ အားကစား ကွင်း | ၄ | ဘိုးဘွားရိပ်သာ |
| ၅ | မီးသတ်ရေကန် | ၅ | [illegible] ဆက် တံတား ကောင်းချင်တယ် |
| ၆ | [illegible] လမ်းတံတား ကောင်းချင် | ၆ | |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | | | | |
| ၂ | ရွာသွင်း ချောင်းကျောက်လမ်း | အမျိုးသား | ၄၀ | ၄၁၃ ဦး |
| ၃ | ရွာပြင် ချောင်းကျောက်လမ်း | အမျိုးသား | ၃၀ | ၄၁၃ ဦး |
| ၄ | | | | |
| ၅ | ဆေးပေးခန်း | အမျိုးသမီး | ၄၀ | ၄၁၃ ဦး |
| ၆ | စာကြည့်တိုက် | အမျိုးသား | ၄၀. | ၄၁၃ ဦး |
| ၇ | မြို့ဆက် ရွာပြင်လမ်း (ကျောက်ချောလမ်း) | အမျိုးသမီး | ၁၀၀ | ၄၁၃ ဦး |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ ၄ | ဓါတ်သတ်ရေကန် | အမျိုးသား | [illegible] ရှိခြင်းကြောင့် |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးဝင်းအောင် ------------------ လက်မှတ် ----- [signature] ------------- နေ့စွဲ ၃၁ . ၁၁ . ၂၀၁၇ -----------------

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၁)

## ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီ/တောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ [illegible] ကျေးရွာအုပ်စုရုံးပြီးတိုင်းတောက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။) |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးညီညီလွင် ၊ ဒေါ်[illegible] |

| | |
|---|---|
| နေ့စွဲ 18.10.2017 | ဝက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓) ဝက်ဝန်း(၁) ဝက်ဝန်း(၂) ဝက်ဝန်း(၃) ဝက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ / မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဆိုလဲ |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်ရှိတ် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ်: စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ရှိပါက) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ကျောင်းကုန်း | [illegible] | 365'×10'×6"<br>655'×14'×6"<br>280'×12'×6" | ၂၈၀ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၃၅ သိန်း | | | | ၃၅ သိန်း |
| သဇင်ပြင်ကုန်း | [illegible] | 460'×8'×6" | ၂၅၉ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၄၅ သိန်း | | | | ၄၅ သိန်း |
| [illegible] | [illegible] | 1500'×10'×6" | ၅၂၁ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၈၈ သိန်း | | | | ၈၈ သိန်း |
| [illegible] | [illegible] | 3895'×12'×6"<br>[illegible]×4'×4' | ၉၆ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၈၈ သိန်း | | | | ၈၈ သိန်း |
| သဇင်ပြင်[illegible] | [illegible] | 718'×10'×6"<br>11'×5'×5'.9" | ၅၂ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၂၄ သိန်း | | | | ၂၄ သိန်း |

ရာထူး ကျေးရွာအုပ်စု စီ/တောက်ကော်မတီ ဥက္ကဋ္ဌ  အမည်  လက်မှတ်  ရက်စွဲ

လူထုဗဟိုပြုပီစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၂၉.၉.၂၀၁၅

**ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| | | |
|---|---|---|
| **လမ်းညွှန်ချက်၊** ၊ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်၊ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုနှင့်မြို့နယ်တို့၏ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်၊ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်၊ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဂန်ထမ်းအမည် | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓)□စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| နေ့စွဲ<br>ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုး ခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | |
| အောင်သစ်ပြ | ရွာတွင်းလမ်း ကျောင်းကျောက် ခင်းခြင်း | 300'x 14'x 6"<br>100'x 10'x 6"<br>455'x 12'x 6"<br>235'x 12'x 6" | ၆၂ | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့် အမျိုးသမီး | ၂၇ သိန်း | | | | ၂၇ သိန်း |
| | | 150'x 7'x 6" | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့် အမျိုးသမီး | | | | | |
| ပေါက်တိုင် | ရွာတွင်းလမ်း ကျောင်းကျောက် ခင်းခြင်း | 2979'x 14'x 6"<br>1549'x 12'x 6" | ၄၆၇ | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့် အမျိုးသမီး | ၁၁၀ သိန်း | | | | ၁၁၀ သိန်း |

လူထုဗဟိုပြုစီမံကိန်း၊ စီမံကိန်းလကြွဲ

အပိုင်း-၃ ၉.၉.၂၀၁၇

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| သဲဖြူ | တံတား၊ အဆင်းလမ်း၊ ကျိုးကျဲခင်းခြင်း၊ ရွာဝင်လမ်း၊ မြောင်း၊ ကျောက်ခဲခင်းခြင်း | 210'×12'×8" <br> 300'×12'×6" <br> 2"ɸ×50' | ၃၃၃ | ☐အမျိုးသား <br> ☐အမျိုးသမီး <br> ☑အမျိုးသားနှင့် အမျိုးသမီး | ၄၅ သိန်း | | | ၄၅ သိန်း |
| မြေခြား | ရေတွင်း၊ ရေကန်၊ ရေစက်ရှင်၊ ရေပိုက် သွယ်တန်းခြင်း | 10'×10'×6' <br> 6'×6'×6' <br> 2"ɸ - 400' <br> 1½"ɸ - 2300' | ၃၃၅ | ☐အမျိုးသား <br> ☐အမျိုးသမီး <br> ☑အမျိုးသားနှင့် အမျိုးသမီး | ၅၄ သိန်း | | | ၅၄ သိန်း |
| ဆုံလဲ | ဘက်စုံသုံးခန်းမ | ၂၀'×၃၀'×၁၂' | ၁၂၀ | ☐အမျိုးသား <br> ☐အမျိုးသမီး <br> ☑အမျိုးသားနှင့် အမျိုးသမီး | ၈၃ သိန်း | | | ၈၃၀ သိန်း |
| | | | | ☐အမျိုးသား <br> ☐အမျိုးသမီး <br> ☐အမျိုးသားနှင့် အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးအောင်ဝင်း၊ ဒေါ်စန်းမြဦးဝင်း

လက်မှတ် [signature] ၊ [signature] ရက်စွဲ ၁၈.၁၀.၂၀၁၇

<u>အစည်းအဝေးမှတ်တမ်း</u>

ကြံခင်းမြို့နယ်၊ ဆုံလဲကျေးရွာအုပ်စု၊ ရွာသစ်ကုန်းကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၁၉.၉.၂၀၁၇)နံနက် (၉း၁၀) နာရီ တွင် စတင်၍ ကျေးရွာရပ်မိရပ်ဖ အား အဖွင့်အမှာစကားပြောကြားခြင်း။

-ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

-ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

-စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာ လူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။ လူမှုဆန်းစစ်ချက်များဖြစ်သည့်

-လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ပြန်လည်မွှမ်းမံခြင်း။

-အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ပြန်လည်မွှမ်းမံခြင်း။

-ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေး ဖော် ထုတ်နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည် အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော် ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့ သည်။

**********************************************

## ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | စာကြည့်တိုက် | ကျား | ကျေးရွာစီ/ထောက် | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ရွာပြင်လမ်းချောင်းကျောက်ခင်းခြင်း | ကျား / မ | ကျေးရွာစီ/ထောက် | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | ရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း | ကျား | ကျေးရွာစီ/ထောက် | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | | | | |
| | ၅ | | | | |
| အသက်မွေးဝမ်းကြောင်း/ စီးပွားရေး | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးပေးခန်း | မ | ကျေးရွာစီ/ထောက် | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| ပညာရေး | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| အခြား | ၁ | ကြိုးတံတား | မ | ကျေးရွာစီ/ထောက် | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |